# တည်းခိုနေထိုင်ရေးဝန်ဆောင်မှုကဏ္ဍအတွက် အာရှဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ လိုက်နာရန်စံသတ်မှတ်ချက်

၂၄- ဇူလိုင်, ၂၀၁၉

## ၁. ရေရှည်တည်တံ့ခိုင်မြဲရေး

### ၁. ဝန်ဆောင်မှုကဏ္ဍတခုလုံးအပေါ် ဆောင်ရွက်ပြီးစီးမှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၁.၁-၁ | တည်းခိုနေထိုင်ရေးကဏ္ဍတွင် ပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အရည်အသွေး၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှု၊ အန္တရာယ်နှင့် အကျပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းနိုင်ရေးကို ရည်ရွယ် ဖော်ပြထားသည့် ယင်း၏ အရွယ်အစားနှင့် ကိုက်ညီသော ရေရှည်တည်တံ့ခိုင်မြဲ သောစနစ် ရှိပါသလား။ | • ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှုစနစ်အား ရှင်းလင်းစွာ မှတ်တမ်းတင်ထားသည်။<br>• ရေရှည်တည်တံ့ခိုင်မြဲရေးစီမံခန့်ခွဲမှုစနစ်သည် ပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အရည်အသွေး၊ လူ့အခွင့်အရေး၊ ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ ကိစ္စရပ်များကို လွှမ်းခြုံထားသည်။<br>• ရေရှည်တည်တံ့ခိုင်မြဲရေးစီမံခန့်ခွဲမှုစနစ်တွင် အန္တရာယ်နှင့် အကျပ် အတည်း စီမံခန့်ခွဲမှုတို့ကို ထည့်သွင်းစဉ်းစားထားသည်။<br>• ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှုစနစ်အား အကောင် အထည်ဖော်မှုကို မှတ်တမ်းတင်ထားသော စာရွက်စာတမ်း အထောက်အထား များထားရှိသည်။<br>• ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှုစနစ်တွင် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုအတွက် စဉ်ဆက်မပြတ် တိုးတက်မှုကို စောင့်ကြည့်ရန် လုပ်ငန်းစဉ်တစ်ခု ပါဝင် ထားသည်။ |
| ၁.၁-၂ | သင်၏ဝန်ဆောင်မှုကဏ္ဍမှ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု(များ) ကိုသတိမူမိပါသလား။<br>ယင်းအကျိုးသက်ရောက်မှု(များ)ကို လျှော့ချနိုင်ရေးအတွက် အစီအစဉ်များကို ဖော်ဆောင်နိုင်ရေးကြိုးပမ်းထားရှိပါသလား။ | အကျိုးသက်ရောက်မှုအမျိုးအစားများကိုဖော်ပြထားပြီး ယင်းတို့အား လျှော့ချနိုင်ရေး အစီအစဉ်များအား ချမှတ်ပြီး အကောင်ထည်ဖော် ဆောင်ရွက်သွားပါသည်။ |
| ၁.၁-၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် တိကျရှင်းလင်းပြီး တာဝန်ယူမှုအပြည့်ရှိသော စီမံခန့်ခွဲရေးစနစ် ရှိပါသလား။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် တိကျရှင်းလင်းပြီး တာဝန်ယူမှုအပြည့်ရှိသည့် လုပ်ငန်းတာဝန်များ ဖော်ပြထားသော လူပုဂ္ဂိုလ်များ (သို့) ရာထူးများ ခန့်အပ်ထားရှိပါသည်။ |
| ၁.၁-၄ | မိမိ၏ ဝန်ဆောင်မှုကဏ္ဍ အတွက် ဒေသအတွင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာအတွင်း စဉ်ဆက်မပြတ် ထုတ်ပြန်ထားရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့်မူဝါဒများကို နောက်ဆုံးအခြေအနေ ရှိ/မရှိ နှင့် လိုအပ်သလို အသုံးပြုနိုင်ရေး ပြုစုထိန်းသိမ်းထားပါသလား | စစ်ဆေးမှုကို ဖြစ်နိုင်သမျှ နှစ်စဉ် ဆောင်ရွက်ပါသည်။ (သို့မဟုတ်) ထုတ်ပြန်ထားရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် မူဝါဒများနှင့် ပတ်သတ်၍ နောက်ဆုံးအခြေအနေ ရှိ/မရှိ အား နောက်ဆုံး စစ်ဆေးထားသော နေ့စွဲအား မှတ်တမ်းထားရှိပါသည်။ |
| ၁.၁-၅<br>optional | မိမိ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မူဝါဒသည် အနာဂတ်လုပ်ဆောင်ချက်များအပေါ် ပိုမိုထိရောက်မှု ရှိ/မရှိအား တစ်နှစ်လျှင်တစ်ကြိမ် (သို့မဟုတ်) ထိုထက်ပိုမိုကာ စောင့်ကြည့် လေ့လာဆန်းစစ် အကဲဖြတ်ပြုမှု ရှိပါသလား။ | မိမိ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မူဝါဒသည် နောက်ဆုံး အခြေအနေ ပေါ်မူတည်ကာ စောင့်ကြည့် လေ့လာဆန်းစစ် အကဲဖြတ်ပြုမှုပြုပါသည်။ ဆောင်ရွက်မှုမှတ်တမ်းများ နေ့စွဲအလိုက် မှတ်တမ်းထားရှိပါသည်။ |

| | | |
|---|---|---|
| ၁.၁-၆ | မိမိ၏ ရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မူဝါဒအား အများပြည်သူသိစေရန် အလို့ငှာ ပြသထားရှိပါသလား။ | မိမိ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာမူဝါဒအား ဧည့်ကြိုနေရာ နှင့် အိပ်ခန်းများ ကဲ့သို့သော နေရာများတွင် အများပြည်သူသိစေရန် အလို့ငှာ ပြသထားရှိပါသည်။ |
| ၁.၁-၇ | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ကိစ္စရပ်များ အပေါ် လိုအပ်သောလုပ်ဆောင်ချက်များအား အပြည့်အဝ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် မိမိဝန်ထမ်းများအား ယင်းနှင့် ပတ်သတ်သည့် သင်တန်းများကို တစ်နှစ်လျှင်တစ်ကြိမ် (သို့မဟုတ်) ထိုထက်ပိုမိုကာ မကြာခဏဆိုသလို ပို့ချပါသလား။ | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အကြောင်းအရာများ၊ ကိစ္စရပ်များ နှင့်ပတ်သတ်၍ ဦးစားပေး လေ့ကျင့်ထားသော ပုဂ္ဂိုလ်(များ) ၏ အမည်များနှင့် နေ့စွဲအလိုက် မှတ်တမ်းများကို သိမ်းဆည်းထားရှိပါသည်။ |
| ၁.၁-၈ | အလုပ်သမားအခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ဘေးကင်း လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖန်တီးပေးခြင်းနှင့် သက်ရှင်ရပ်တည်နိုင်ရေးအတွက် လိုအပ်သော အနည်းဆုံး လုပ်ခလစာများ ခံစားခွင့်ပြုခြင်း စသည်တို့ စီစဉ်ဆောင်ရွက် ထားရှိပါသလား။ | ဒေသတွင်းနှင့် နိုင်ငံတွင်းရှိ အနိမ့်ဆုံးလုပ်ခလစာ နှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာများနှင့် ပတ်သတ်သော နောက်ဆုံး ပြဋ္ဌာန်းချက်များကို စုစည်းသိမ်းဆည်းထားရှိပါသည်။ ဘေးကင်းလုံခြုံစိတ်ချရသော လုပ်ငန်းခွင်အား ဖန်တီးပေးခြင်းနှင့် ပိုမိုကောင်းမွန်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဝန်ထမ်းများအား ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ပါသည်။ |
| ၁.၁-၉ | ဝန်ဆောင်မှုကဏ္ဍအတွင်း အသုံးပြုနိုင်ရေးအတွက် ကျန်းမာရေး၊ လုံခြုံရေး၊ လူ့အခွင့်အရေး၊ အန္တရာယ်နှင့်အကျပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်အလုပ်သမားဆိုင်ရာမူဝါဒ၊ ဥပဒေများအား လက်ရှိကာလ အချက်အလက် များ ဖြစ်စေရန် ပြုစုထိန်းသိမ်းထားရှိပါသလား။ | ကျန်းမာရေး၊ လုံခြုံရေး၊ လူ့အခွင့်အရေး၊ အန္တရာယ်နှင့် အကျပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားဆိုင်ရာမူဝါဒ၊ ဥပဒေများအား လက်ရှိကာလ အချက်အလက်များ ဖြစ်စေရန် မှတ်တမ်း ထားရှိပါသည်။ |
| ၁.၁-၁၀ | မိမိ၏ ဝန်ထမ်းများကို လူ့အခွင့်အရေး နှင့် အခက်အခဲ၊ အကြပ်အတည်းများအား စီမံခန့်ခွဲနိုင်ရေးကိစ္စရပ်များပါဝင်သော ၎င်းတို့၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများ နှင့်ပတ်သတ်သည့် ပုံမှန်သင်တန်းများ၊ လမ်းညွှန်ပြသမှုအစီအစဉ်၊ အတွေ့အကြုံမျှဝေမှုစသည့် အစီအစဉ်များဖြင့် ဝန်ထမ်းများ၏တိုးတက်မှုအတွက် အခွင့်အလမ်း ဖန်တီးပေးမှုများ ရှိပါသလား | ဝန်ထမ်းများအတွက် သင်တန်းများ၊ လမ်းညွှန်ပြသမှုအစီအစဉ်၊ အတွေ့အကြုံမျှဝေခြင်းအစီအစဉ်နှင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို သိမ်းဆည်းထားရှိပါသည်။ |
| ၁.၁-၁၁ | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အပေါ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် မိမိဝန်ထမ်းများ အနေဖြင့် ပါဝင်ဆောင်ရွက်မှု ရှိပါသလား။ | လုပ်ငန်းတာဝန်နှင့်ဝတ္တရားများ သတ်မှတ် ဆောင်ရွက်မှုမှတ်တမ်းအား သိမ်းဆည်းထားရှိပါသည်။ |
| ၁.၁-၁၂ | ဧည့်သည်များ၏ တောင်းဆိုချက်များ အပေါ် ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုအဆင့်အတန်းကိုသာကတိပြုကမ်းလှမ်းခြင်းဖြင့် ရေရှည်တည်တံ့သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက်မြှင့်တင်ရေး နည်းလမ်းများ၊ ဈေးကွက်ဖြန့်ဖြူးခြင်းဆိုင်ရာ စနစ်များသည် တိကျမှုနှင့် ပွင့်လင်းမြင်သာမှု ရှိပါသလား။ | တိကျမှုနှင့် ပွင့်လင်းမြင်သာမှုအား စစ်ဆေးနိုင်ရေးအတွက် တတိယအဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်သွားပါသည်။ |

| | | |
|---|---|---|
| ၁.၁-၁၃ | (ခရီးစဉ်ဒေသဆိုင်ရာဆက်စပ်ပတ်သက်မှု) မိမိ၏ ဝန်ဆောင် မှုကဏ္ဍသည် ခရီးစဉ်ဒေသ အတွင်းရှိ ရေရှည် တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဆိုင်ရာ အစီအစဉ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များတွင် အခွင့်အလမ်းများတည်ရှိမှုနှင့်အတူ ပါဝင် ပတ်သက်မှုရှိပါသလား။ | မိမိလုပ်ငန်းတည်ရှိရာ ဒေသအတွင်းရှိ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များ၏ အချက်အလက်များနှင့် ပါဝင်ပတ်သတ်ဆောင်ရွက်နေသော ခရီးစဉ်ဒေသဆိုင်ရာ အဖွဲ့အစည်းများအား သိနားလည်အောင် ဆောင်ရွက်ထားရှိပါသည်။ |

## ၂. စံနှုန်းတစ်ခုချင်းစီအပေါ် ကြိုးစားဆောင်ရွက်မှု

| **စံသတ်မှတ်ချက်များ** | | **ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ** |
|---|---|---|
| ၁.၂-၁ | **အစားအစာနှင့်အဖျော်ယမကာကဏ္ဍ**<br>တိကျသော ရည်မှန်းချက်များနှင့်အတူ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်များ ချမှတ်ထားခြင်းဖြင့် အစားအစာ နှင့် အဖျော်ယမကာလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း ပမာဏအား လျှော့ချခြင်း၊ ပြန်လည် အသုံးပြုခြင်းတို့ ဆောင်ရွက်စေရန် အတွက် စောင့်ကြည့် လေ့လာမှု ရှိပါသလား။ | • စွန့်ပစ်ပစ္စည်းပမာဏပေါ် မူတည်၍ စွန့်ပစ်ပစ္စည်းများအား အနည်းဆုံး လစဉ် (သို့မဟုတ်) တနေ့လျှင်တစ်ကြိမ် စောင့်ကြည့် လေ့လာပါသည်။<br>• ပြန်လည်အသုံးပြုနိုင်ခြင်းနှင့် (သို့မဟုတ်) ဆွေးမြေ့ မြေသြဇာအဖြစ် ပြန်လည်အသုံးပြုနိုင်သော ရာခိုင်နှုန်း ပမာဏအား သိရှိမှတ်သားနိုင်ပါသည်။<br>• စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်အား ခေတ်ကာလနှင့် ကိုက်ညီစွာ ပုံမှန်ရေးဆွဲထားရှိပါသည်။ |
| ၁.၂-၂ | **အစားအစာနှင့်အဖျော်ယမကာမဟုတ်သော အခြားစွန့်ပစ်ပစ္စည်းများ**<br>တိကျသောရည်မှန်းချက်များနှင့်အတူ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်များ ချမှတ်ထားခြင်းဖြင့် အစားအစာ နှင့်အဖျော်ယမကာလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းမဟုတ်သော အခြားသော စွန့်ပစ် ပစ္စည်းများ (ထုတ်ပိုးပစ္စည်းများ၊ အိပ်ခန်းဆောင် စွန့်ပစ်ပစ္စည်းများစသဖြင့်)အား လျှော့ချခြင်း၊ ပြန်လည် အသုံးပြုခြင်းတို့ ဆောင်ရွက်စေရန် အတွက် စောင့်ကြည့် လေ့လာမှု ရှိပါသလား။ | • အိပ်ခန်းသုံးပစ္စည်းများနှင့် လက်ဆောင်ပစ္စည်း ထုတ်ပိုးသောပစ္စည်းများ၊ အိပ်ခန်းဆောင်အမှိုက်များ၊ ပုလင်းနှင့် သံဗူးအခွံများ၊ ဘတ္ထရီဟောင်းများ၊ ဆပ်ပြာများစသည်ကဲ့သို့သော စွန့်ပစ်ပစ္စည်းများကို ယင်းတို့၏ ပမာဏအပေါ် အခြေခံကာ စောင့်ကြည့်လေ့လာ စီမံခန့်ခွဲပါသည်။<br>• စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်ရန်နှင့် ထပ်မံ အသုံးပြုနိုင်ရန် အမျိုးအစားအလိုက် ခွဲခြားထားခြင်းစနစ်အား ပိုမိုကောင်းမွန်စွာ စီမံဆောင်ရွက်နေပါသည်။<br>• စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်အား ခေတ်ကာလနှင့် ကိုက်ညီစွာ ပုံမှန်ရေးဆွဲထားရှိပါသည်။ |
| ၁.၂-၃ | **စွမ်းအင်နှင့်ရေသုံးစွဲမှုကဏ္ဍ**<br>စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် တိကျသော ရည်မှန်းချက်များနှင့် ပန်းတိုင်များဖြင့် စွမ်းအင် သုံးစွဲမှု စစ်ဆေးခြင်း အစီအစဉ်များ ချမှတ်ထားရှိပါသလား။(လျှပ်စစ်သုံးစွဲမှု၊ စက်သုံးဆီ သုံးစွဲမှု၊ ဓါတ်ငွေ့ သုံးစွဲမှု စသည်ဖြင့်) | • တစ်နာရီလျှင် ကီလိုဝပ် စွမ်းအင်သုံးစွဲမှုနှင့် လုပ်ငန်း ဆောင်ရွက်မှု အချိန်နာရီ စသည်ဖြင့် အိပ်ခန်းနှင့် အဆောက်အဦ တစ်ခုချင်းစီအလိုက် လျှပ်စစ်အသုံး အဆောင်ပစ္စည်းများ စာရင်းအား ပြုစုထားရှိပါသည်။ ထိုကဲ့သို့ပင် စက်သုံးဆီနှင့် ဓါတ်ငွေ့သုံးစွဲမှု ပမာဏကို သိရှိနိုင်ရန် အလားတူ စာရင်းများ ပြုစုထားရှိပါသည်။<br>• စွမ်းအင်သုံးစွဲမှုအား လျှော့ချနိုင်ရေးအတွက် တိကျသော ရည်မှန်းချက်များ၊ အစီအစဉ်များ ချမှတ် ထားပါသည်။ |

| | | |
|---|---|---|
| ၁.၂-၄ | ရေသုံးစွဲမှုပမာဏအား လျှော့ချစေရန်၊ ရေညစ်ညမ်းမှုအားလျှော့နည်းစေရန် တိကျသောရည်မှန်းချက်များ၊ အစီအစဉ်များ သင့်လျော်စွာ ချမှတ်နိုင်ရေးအတွက် ရေအန္တရာယ်ရှိမှု အတိုင်းအတာကို အကဲဖြတ်ခြင်း၊ ရေသုံးစွဲမှု ပမာဏအား သိရှိရန်ဆောင်ရွက်ခြင်း၊ ရေအရည်အသွေးအား လေ့လာစောင့်ကြည့်ခြင်း စသည်တို့ လုပ်ဆောင်ပါသလား။ | • ရေထိန်းသိမ်းပြုပြင် ပြန်လည်သုံးစွဲနိုင်ရေး ကြိုးကြပ်မှု ရည်မှန်းချက်များအား ရေအန္တရာယ်ရှိမှု မြင့်မားခြင်းကို လုပ်ငန်း ဧရိယာများအလိုက် သတ်မှတ်ကာ လိုက်နာဆောင်ရွက်စေပါသည်။<br>• မိုးရေ၊ တွင်းရေ၊ မြစ်ရေ၊ စည်ပင်ဘုံဘိုင်ရေ စသည်ဖြင့် သုံးစွဲသောရေများ၏ အရင်းအမြစ်နှင့် ပမာဏ ကို သိရှိကာ ယင်းတို့အား နောက်ဆုံးအဆင့်အထိ ပြန်လည်ထိန်းသိမ်း သုံးစွဲနိုင်ရေး ဆောင်ရွက်ထားပါသည်။ |
| ၁.၂-၅ | **အစိမ်းရောင်ဝယ်ယူခြင်းနှင့်ဓါတုပစ္စည်းများကဏ္ဍ**<br>တိကျသောရည်မှန်းချက်များ၊ အစီအစဉ်များဖြင့် သဘာဝ ပတ်ဝန်းကျင်နှင့်ဒေသခံများကို အကျိုးပြုကာ သင့်တင့်လျှောက်ပတ်သော ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကုန်ပစ္စည်းတင်သွင်းထောက်ပံ့သူများကို ဦးစားပေးရွေးချယ်နိုင်သည့် အစိမ်းရောင်ကုန်ပစ္စည်း ဝယ်ယူခြင်းစနစ်ကို လိုအပ်သော အချိန်တိုင်းတွင် လုံလောက်သောအရည်အသွေး၊ ကုန်ပစ္စည်းဝယ်ယူမှု အကြိမ်အရေအတွက် လျှော့ချခြင်းများ နှင့်အတူ ဆောင်ရွက်နိုင်ပါသလား။ | တိကျသောရည်မှန်းချက်များ၊ အစီအစဉ်များဖြင့် အစိမ်းရောင် ဝယ်ယူခြင်းမူဝါဒကို ချမှတ်ထားရှိပါသည်။ ကုန်ပစ္စည်း အရေအတွက်များကို ကဏ္ဍအလိုက် ၊ သုံးစွဲမှုအရေအတွက်အလိုက်၊ အမျိုးအစားအလိုက် အကြံပြုခွဲခြားထားပါသည်။ ( ဥပမာ- စားပွဲသုံးတူများ နှင့် အရည်စုပ်ပလစ်စတစ်ပိုက်များ) |
| ၁.၂-၆ | ဓါတုပစ္စည်းသုံးစွဲမှုပမာဏကိုသိရှိပါသလား။<br>(ပေါင်းသတ်ဆေးများ၊ပိုးသတ်ဆေးများ၊ သန့်ရှင်းရေး သုံးပစ္စည်းများ စသည်ဖြင့်) ဓါတုပစ္စည်းသုံးစွဲမှု ပမာဏအား လျှော့ချရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့နည်းစေရန် ရည်ရွယ်သည့် တိကျခိုင်မာသောရည်မှန်းချက်များ၊ အစီအစဉ်များ ချမှတ်ထားရှိပါသလား။ | ဓါတုပစ္စည်းများ သုံးစွဲမှုနှင့် သုံးစွဲမှုရည်ရွယ်ချက်များ၏ စာရင်းကို ပြုစုထားရှိပါသည်။<br>ဓါတုပစ္စည်းများ သုံးစွဲမှုကို လျှော့ချရန်နည်းလမ်းများ နှင့် (သို့မဟုတ်) ဓါတုပစ္စည်းမသုံးစွဲသော အခြားသော နည်းလမ်းများကို ဆောင်ရွက်နိုင်ရန် ရည်မှန်းချက် ထားရှိပါသည်။ |

## ၃. သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် ရေရှည်တည်တံ့သောဆက်သွယ်ရေးစနစ်

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၁.၃-၁ | **သတင်းအချက်အလက်ဖြန့်ဖြူးခြင်း**<br>ကဏ္ဍအတွင်းရှိ သုံးစွဲသူနှင့် ထောက်ပံ့ပေးသူ စသည်ဖြင့် ပါဝင်ပတ်သတ်နေသူများ ထံသို့ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ နှင့် အကောင်အထည်ဖော်မှု အခြေအနေများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို မျှဝေဖြန့်ဖြူးပါသလား။ ၎င်းတို့ထံမှ ရရှိနိုင်သော အထောက်အပံ့များကို ကြိုးစားရှာဖွေကြည့်ပါသလား။ | ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မူဝါဒများကို အများသူငှာ သိစေရန် စီစဉ်ဆောင်ရွက် ထားပါသည်။ အဆိုပါမူဝါဒများကို အခြေခံသော လုပ်ငန်းစဉ်များကိုလည်း စာရင်းပြုစုထားရှိပါသည်။ |
| ၁.၃-၂ | **ဝန်ဆောင်မှုသုံးစွဲသူများ**<br>ဝန်ဆောင်မှုကို သုံးစွဲနေသူများထံမှ အကြံပြုချက်များကို စောင့်ကြည့်လေ့လာ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအဖြစ် ပြန်လည်ဖြေရှင်းဆောင်ရွက်ခြင်းတို့အား ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစနစ်တစ်ခု ထားရှိပါသလား။ | မိမိ၏ ဝန်ဆောင်မှုဆိုင်ရာ ကတိကဝတ်၊ အဆိုပြုချက်များ အတွင်းမှ ပြဿနာများအပေါ် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက်ရည်ရွယ်သည့် ပြန်လည်ဖြေရှင်း ဆောင်ရွက်မှုများကို ဖော်ထုတ် ပြသထားပါသည်။ |

| | | |
|---|---|---|
| ၁.၃-၃ optional | ဒေသတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း နှင့် ဆက်စပ်သော ခရီးသွားအစီအစဉ်များ၊ ခရီးသွားလုပ်ငန်း များကို အသုံးပြုနိုင်ရေး ပံ့ပိုးကူညီပေးခြင်း (သို့မဟုတ်) ကမ်းလှမ်းခြင်းများ ဆောင်ရွက်ပါသလား။ | သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ အယူအဆများကို နားလည်ပြီးနောက်အဆိုပါခရီးသွားလုပ်ငန်းများကိုတိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းကမ်းလှမ်း ဆောင်ရွက်ပါသည်။ အခြားသော တာဝန်သိလူထုအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းများကို ထပ်မံရွေးချယ်စရာများအနေဖြင့် ရှာဖွေလေ့လာပါသည်။ |
| ၁.၃-၄ | ရေရှည်တည်တံ့ခိုင်မြဲသောစီမံခန့်ခွဲမှုနှင့် အလေ့အကျင့် ကောင်းများအနေဖြင့် ဖော်ထုတ်ပြသနိုင်ရန် အိမ်တွင်း အသုံးအဆောင်ပစ္စည်းများအားပြန်လည်အသုံးပြုခြင်းကို ပြသသောခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးပါသလား။ | ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် မိမိ၏ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဖော်ထုတ်သရုပ်ပြဆောင်ရွက်ပါသည်။ |

**၂. အစားအစာနှင့်အဖျော်ယမကာကဏ္ဍ**

**၁. အစားအစာစွန့်ပစ်ပစ္စည်းများအား လျှော့ချခြင်း နှင့် ပြန်လည်အသုံးပြုခြင်း**

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၂.၁-၁ | ထိရောက်မှုရှိသော ကုန်ပစ္စည်းဝယ်ယူ ဖြည့်တည်းခြင်း ဆိုင်ရာ အလေ့အကျင့်ကောင်းများ ရှိပါသလား။ | ဒေသသို့ အကျိုးပြု၍ တာဝန်သိအလေ့အကျင့်ကောင်းများ ကို လက်တွေ့သရုပ်ပြသည့် ကောင်းကျိုးထိရောက်မှုရှိသော ကုန်ပစ္စည်း ဝယ်ယူခြင်းနှင့် ဖြည့်တင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါသည်။ |
| ၂.၁-၂ | စားကြွင်းစားကျန်များနှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲ စွန့်ပစ်သည့် စနစ်တစ်ခု ထားရှိပါသလား။ | အစားအစာစွန့်ပစ်ပစ္စည်းများကို မြေဩဇာ နှင့် (သို့မဟုတ်) မွေးမြူရေးအစာအဖြစ် အသုံးချ၍ အရင်းအမြစ်တစ်ခုအဖြစ် ပြောင်းလဲစီမံဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်စွာ အသုံးပြု ပါသည်။ |
| ၂.၁-၃ optional | အစားအစာ စွန့်ပစ်ပစ္စည်းများကို ထုထည်ပမာဏ လျှော့ချနိုင်ရန် အခြောက်ခံခြင်း၊ ရေစစ်ထုတ်ခြင်းများ ဆောင်ရွက်ပါသလား။ | အစားအစာစွန့်ပစ်ပစ္စည်းများကို အခြောက်ခံခြင်း၊ ရေစစ် ထုတ်ခြင်းတို့ဖြင့် ယင်းတို့၏ ထုထည်နှင့် အလေးချိန်ကို လျှော့ကျစေရန် ဆောင်ရွက်ပါသည်။ |
| ၂.၁-၄ | ဟင်းချက်ဆီအား အကျိုးရှိစွာ ပြန်လည်အသုံးပြုခြင်း ၊ ပြုပြင်သုံးစွဲခြင်းများ ဆောင်ရွက်ပါသလား။ | အကယ်၍ ရရှိနိုင်ပါက၊ အသုံးပြုထားပြီးသောဟင်းချက်ဆီ များကို လောင်စာဆီ နှင့် (သို့မဟုတ်) ဆပ်ပြာအဖြစ် ပြန်လည်အသုံးပြုပါသည်။ |
| ၂.၁-၅ | တစ်ခါသုံးပစ္စည်းများလျှော့ခြင်းဆိုင်ရာ မူဝါဒတစ်ရပ် ထားရှိပါသလား။ | တစ်ခါသုံးပလစ်စတစ်များ အသုံးပြုမှု ရှောင်ရှားခြင်းဖြင့် အရည်စုပ်ပလစ်စတစ်ပိုက်များ၊ ဇွန်း/ခရင်းများ၊ စားပွဲသုံး တူများ၊ ပါဆယ်ဗူးများ နှင့် ပတ်သတ်၍ မူဝါဒတစ်ရပ် ထားရှိပါသည်။ |

**၂. စားသောက်ကုန်ပစ္စည်းများ ဝယ်ယူခြင်း**

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၂.၂-၁ | ဓါတုပစ္စည်းကင်းလွတ်စားသောက်ကုန်များ၊ ဓါတုပစ္စည်း ကင်းမဲ့သော (သို့မဟုတ်) အသုံးပြုမှုနည်းပါးသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပိုမိုနှစ်ခြိုက်စွာ ဝယ်ယူ အသုံးပြုပါသလား။ | ဓါတုပစ္စည်းကင်းလွတ်ပစ္စည်းများ အသုံးပြုခြင်းအား ကြိုက်နှစ်သက်မှုအပေါ် သတိမူစေရန် စားသောက်ကုန် ပစ္စည်း ထောက်ပံ့ပေးသူများနှင့်အတူ စစ်ဆေးမှုများကို ပုံမှန်ပြုလုပ်ပါသည်။ ၎င်းတို့၏ စာရင်းကိုလည်း ပြုစုထားရှိ ပါသည်။ |

| | | |
|---|---|---|
| ၂.၂-၂ | ရာသီပေါ်စားသောက်ကုန်များ ရရှိနိုင်မှုအခြေအနေ နှင့် အရည်အသွေးပြည့်ဝမှုအရ ဒေသခံများမှဝယ်ယူခြင်းများ၊ မျှတသောရောင်းဝယ်မှုများကို ဦးစားပေး ဆောင်ရွက်ပါသလား။ | ကုန်ဝယ်ပစ္စည်းများစာရင်းနှင့်အတူ ရာသီပေါ်စားသောက်ကုန်များအား ဒေသခံများထံမှ မျှတသော ရောင်းဝယ်ဖောက်ကားမှုဖြင့် ရရှိနိုင်မှုအား ရှာဖွေထားရှိပါသည်။ လစဉ်အသုံးပြုမှုရာခိုင်နှုန်းကဲ့သို့သော အထောက်အကူပြုနိုင်သော အချက်အလက်များကို သေချာစွာ စောင့်ကြည့်လေ့လာကာ ကုန်ပစ္စည်းဝယ်ယူမှုတွင် စဉ်းစားတွက်ချက်ပါသည်။ |

## ၃. စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့် ပြန်လည်အသုံးချခြင်း

### ၁. အိပ်ခန်းဆောင် ဝန်ဆောင်မှုကဏ္ဍ

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၃.၁-၁ | အခမဲ့ပေးသော တစ်ခါသုံးအိပ်ခန်းဆောင်သုံးကုန်ပစ္စည်းများကို လျှော့ချသုံးစွဲပါသလား။ | အခမဲ့ပေးသော မေတ္တာလက်ဆောင် အိပ်ခန်းဆောင်သုံးကုန်ပစ္စည်းများကို စာရင်းပြုစုထားရှိပါသည်။ (ဥပမာ-သွားတိုက်တံ၊ ဆပ်ပြာ၊ ဘီး စသည်ဖြင့်) |
| ၃.၁-၂ | ကုန်ပစ္စည်းများ ထုတ်ပိုးပေးမှုအား လျှော့ချပါသလား။ | ထုတ်ပိုးရန် မလိုအပ်သောပစ္စည်းများကို ထုတ်ပိုးပေးခြင်းများနှင့် ထုတ်ပိုးထားသော အိပ်ခန်းဆောင်သုံး ကုန်ပစ္စည်းများကို ထပ်မံထုတ်ပိုးပေးခြင်းများ ဆောင်ရွက်မှု မရှိပါ။ |
| ၃.၁-၃ | ကိုယ်ပိုင်ရေချိုးခန်းသုံးပစ္စည်းများအား ဧည့်သည်များမှ ယူဆောင်လာရန် အားပေးမှုပြုလုပ်ပါသလား။ | သွားတိုက်တံ၊ အမွေးရိပ်စက် စသည် |
| ၃.၁-၄ | တစ်ခါသုံးပစ္စည်းများကို ရှောင်ရှားကာ ပြန်လည်ဖြည့်တည်းသုံးစွဲနိုင်သော အကြိမ်များစွာ အသုံးပြုနိုင်သည့် ပစ္စည်းများ၊ ပုလင်းများကို အသုံးပြုပါသလား။ | ရှန်ပူ၊ ဆံပင်ပျော့ဆေး ကဲ့သို့သော ခေါင်းလျှော်ရည်သုံးပစ္စည်းများ၊ ကိုယ်တိုက်ဆပ်ပြာများ၊ ရေချိုးဆပ်ပြာရည်များ စသည် |
| ၃.၁-၅ | ရက်ရှည်တည်းခိုသော ဧည့်သည်များအတွက် အိပ်ယာခင်းနှင့် ရေသုတ်ပုဝါများအား နေ့စဉ်လဲလှယ်ပေးစေလိုမှု (သို့မဟုတ်) လိုအပ်မှသာ လဲလှယ်ပေးစေလိုမှု စသည်ဖြင့် ရွေးချယ်နိုင်သော အခွင့်အရေးများပေးထားခြင်းကို သတိပြုမိစေရန် ဆောင်ရွက်ထားရှိပါသလား။ | အိပ်ခန်းအတွင်း ဝန်ဆောင်မှုကို လျှော့ချနိုင်သောအစီ အစဉ်များကို ဖော်ပြထားရှိပါသည်။ ဧည့်သည်ရောက်ရှိချိန် (သို့မဟုတ်)အခန်းကြိုတင်မှာယူချိန်တွင် အဆိုပါဝန်ဆောင်မှုစနစ်များအား တတ်နိုင်သမျှ ရှင်းလင်းပြောကြားခြင်း၊ စာဖြင့်ရေးသားဖော်ပြခြင်းများဖြင့် ယင်းစနစ်များကို အားပေးဆောင်ရွက်ပါသည်။ |
| ၃.၁-၆ | သယ်ဆောင်ထုတ်ပိုးသော စွန့်ပစ်ပစ္စည်းများအား ခွဲခြားထားရှိခြင်း၊ ပြန်လည်ပြုပြင်မွမ်းမံအသုံးပြုခြင်းများ ရှိပါသလား။ | အိပ်ခန်းအတွင်း ခွဲခြားအသုံးပြုနိုင်သော အမှိုက်ပုံးများထားရှိပေးခြင်း (သို့မဟုတ်) အိပ်ခန်းဆောင်ထိန်းသိမ်းရေးဝန်ထမ်းများကို စွန့်ပစ်ပစ်စ္စည်းများခွဲခြားနိုင်ရေးအတွက် လိုအပ်သော သင်တန်းများပေးပါသည်။ ယင်းပစ္စည်းများကိုလည်း တတ်နိုင်သမျှ ပြန်လည်ပြုပြင်သုံးစွဲနိုင်ရေး ဆောင်ရွက်ပါသည်။ |
| ၃.၁-၇ | ဧည့်ခန်းဆောင် နှင့် အိပ်ခန်းသုံးပရိဘောဂများ (ကုတင်၊ စားပွဲ၊ ကုလားထိုင် စသည်)ကို ရေရှည်အသုံးပြုနိုင်ရေး ရည်ရွယ်ကာ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းများ ဆောင်ရွက်ပါသလား။ | ပရိဘောဂပစ္စည်းစာရင်းများ၊ မှတ်တမ်းဓါတ်ပုံများကို ထိန်းသိမ်းထားရှိပါသည်။ |

## ၂.  အုပ်ချုပ်မှုနေရာများ၊ အများနှင့်သက်ဆိုင်သောနေရာများ၊ ကုန်ပစ္စည်းသိုလှောင်ရာနေရာများ

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၃.၂-၁ | စာရွက်များအား ပြန်လည်အသုံးပြုပါသလား။ ခွဲခြားထားရှိပါသလား။ | မိတ္တူစာရွက်များ၊ သတင်းစာများ၊ မဂ္ဂဇင်း၊ ကတ္တူပြား စသည်တို့အား ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါသည်။ |
| ၃.၂-၂ | ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများအား သီးသန့်ခွဲခြားထားရှိပါသလား။ | တခါသုံး ပလစ်စတစ်ရေသန့်ဗူးခွံများ၊ အချိုရည်သံဗူးခွံများ၊ ဖန်ပုလင်းခွံများနှင့် အခြားသော ဘူး၊ ဂျပ်ဖာ စသည့်ပစ္စည်းများကို အမျိုးအစားလိုက် ခွဲခြားသိမ်းဆည်းကာ ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါသည်။ |
| ၃.၂-၃ | စာမျက်နှာ(၂)ဖက်စလုံးအား မိတ္တူကူးခြင်းဖြင့် စာရွက်များကို အကျိုးရှိစွာ အသုံးပြုပါသလား။ | မိတ္တူကူးစက်များ၊ ဖက်စ်များ၊ ပရင်တာ များတွင် အဆိုပါစနစ်ကို ကျင့်သုံးပါသည်။ |
| ၃.၂-၄ | ဝန်ဆောင်မှုပေးသည့် နေရာရှိ လက်ဆောင်ပစ္စည်းဆိုင်များ (သို့မဟုတ်) စတိုးဆိုင်များတွင် ကုန်ပစ္စည်းထုတ်ပိုးပေးသည့်စနစ်ကို လျှော့ချဆောင်ရွက်ပါသလား။ | ဧည့်သည်များအား ကိုယ်ပိုင်သယ်ဆောင်စရာအိပ်များ ယူဆောင်လာခြင်းကို အားပေးပါသည်။ ၎င်းတို့တွင် မပါရှိလာပါကလည်း ပလစ်စတစ်ဖြင့် မပြုလုပ်ထားသော ဒေသထွက်ပစ္စည်းများကို ထောက်ပံ့ပေးပါသည်။ |
| ၃.၂-၅ | နိုင်ငံ့ဥပဒေနှင့် နိုင်ငံတကာဥပဒေအရ ခွင့်ပြုထားခြင်းမရှိသော သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား ပြသခြင်း၊ ရောင်းဝယ်လဲလှယ်ခြင်းများကို ရှောင်ရှားမှု ရှိပါသလား။ | ဝန်ဆောင်မှုပေးသော နေရာတွင် တရားဥပဒေအရ ငြိစွန်းနေသော အမွေအနှစ်ပစ္စည်းများ သုံးစွဲမှုမရှိအောင် စစ်ဆေးဆောင်ရွက်ပါသည်။ |

## ၃.  သက်ဆိုင်ရာ နေရာအသီးသီးတွင် ဆောင်ရွက်ထားရှိမှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၃.၃ | အစိုင်အခဲစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုစနစ်ရှိပါသလား။ အကောင်အထည်ဖော်ဆောင်ရွက်မှုရှိပါသလား။ | စွန့်ပစ် မီးချောင်းများ၊ LED မီးလုံးများ၊ ဘတ္တရီခဲတ်ခဲများ စသည်တို့ကို စနစ်တကျ ခွဲခြားကာ ဖျက်ဆီးပါသည်။ လေသန့်စင်စနစ်များ၊ အအေးပေးစနစ်များ၊ အပူပေးစနစ်များနှင့် အဆိုပါစက်များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ၊ HCFC ဓါတုကွန်ပေါင်းဂက်စ်ငွေ့များကို စနစ်တကျ စွန့်ပစ်ဖျက်ဆီးပါသည်။ |
| ၃.၄ | ပတ်ဝန်းကျင်ညစ်ညမ်းမှုကို မဖြစ်ပေါ်စေသော အခြေခံမိလ္လာ၊ ရေဆိုးစွန့်ပစ်စနစ်ကို အသုံးပြုဆောင်ရွက်ပါသလား။ | ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူသို့ စွန့်ပစ်ပစ္စည်းအကြွင်းအကျန်များကြောင့် ဘေးဖြစ်စေသော ဆိုးကျိုးသက်ရောက်မှုများအား ခံစားမှုမရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။ |

# ၄.  စွမ်းအင်နှင့်ရေအသုံးချမှု

## ၁.  အပူစွမ်းအင်အရင်းအမြစ်/လွှဲပြောင်းအသုံးချမှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၄.၁-၁ | နေရောင်ခြည်၊လေ၊ ရေအားနှင့်ဘူမိစွမ်းအင်ကဲ့သို့သော သဘာဝစွမ်းအင်နှင့် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် ရေပူပေးစနစ်နှင့် လျှပ်စစ်စွမ်းအင် ထုတ်ယူသုံးစွဲသောစနစ်ကို အသုံးပြုပါသလား။ | အများပြည်သူသုံးလျှပ်စစ်မီးလိုင်းနှင့် ဒီဇယ်မီးစက် တို့မှ လျှပ်စစ်ရယူခြင်းမှအပ လျှပ်စစ်နှင့်စွမ်းအင် ထုတ်ယူသုံးစွဲနိုင်သော နည်းလမ်းများကို ပြုစုထားရှိပါသည်။ |

| | | |
|---|---|---|
| ၄.၁-၂ | စွမ်းအင်အရင်းအမြစ်များနှင့် အမျိုးအစားများကို ဖော်ပြထားရှိကာ စွမ်းအင်လွှမ်းခြုံသုံးစွဲမှုအား လျှော့ချစေသောနည်းလမ်းအဆင့်များကို ဖော်ထုတ်ထားရှိပါသလား။ | သဘာဝ/အစားထိုးစွမ်းအင်သုံးစွဲမှုပမာဏနှင့် စွမ်းအင်သုံးစွဲမှုစုစုပေါင်းပမာဏတို့၏ နှိုင်းယှဉ်မှုရာခိုင်နှုန်းကို အရင်းအမြစ်နှင့်အမျိုးအစားအလိုက် ဖော်ပြထားရှိပါသည်။ အဆိုပါအသုံးပြုခြင်းစနစ်များအနက် မည်သည့်စနစ်သည် သုံးစွဲမှုပမာဏအား အနည်းဆုံးဖြစ်စေမှုကို ပြုလုပ်သောဆောင်ရွက်မှုများအဖြစ် မှတ်တမ်းတင် စာရင်းပြုစုထားရှိပါသည်။ |
| ၄.၁-၃<br>optional | ပတ်ဝန်းကျင်ရှိ အဖွဲ့အစည်းများသို့ အခြေခံစွမ်းအင်ဝန်ဆောင်မှုကဏ္ဍအတွင်း ဆိုးကျိုးဖြစ်စေသော အကျိုးသက်ရောက်မှုများကိုနည်းပါးစေသည့် ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ဆောင်မှုများကို ပြုလုပ်ပါသလား။ | မိမိ၏ ပျမ်းမျှစွမ်းအင်သုံးစွဲမှုပမာဏကို ပတ်ဝန်းကျင်ရှိသုံးစွဲမှုပမာဏနှင့် နှိုင်းယှဉ်ပါသည်။ (သို့မဟုတ်) လူတစ်ဦးချင်းစီ (သို့) ဒေသတစ်ခုချင်းစီ၏ စွမ်းအင်သုံးစွဲမှုဆိုင်ရာ ဒေသအဆင့်/နိုင်ငံအဆင့် အချက်အလက်များကို ရယူ အသုံးပြုပါသည်။ |

## ၂. အပူပေးစနစ်များ၊လေသန့်စင်စနစ်များ၊ အအေးပေးစနစ်များ

| **စံသတ်မှတ်ချက်များ** | | **ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ** |
|---|---|---|
| **အဆောက်အဦတစ်ခုလုံးနှင့်သက်ဆိုင်သော ဆောင်ရွက်မှု** | | |
| ၄.၂-၁ | အဆောက်အဦ၏ကာကွယ်မှုစနစ်များကို အဆင့်မြှင့်တင်ရန် ကြိုးစားထားရှိပါသလား။ | တံခါးရွက်(၂)ရွက်ပါတံခါး၊ ဆုံလည်တံခါး၊ မှန်(၂)ထပ်ပါတံခါး၊ အပူကာပြတင်းပေါက်ဆွဲတံခါး၊ အပင်များအလှဆင်ထားသောနံရံ/ခေါင်မိုး စသည်တို့ကို အသုံးပြုထားပါသည်။ |
| ၄.၂-၂ | အပူ၊လေနှင့်အအေး ပမာဏကို ထိန်းညှိခြင်းဖြင့် ရုံးခန်းနှင့်အခန်းတွင်းအပူချိန်များကို နိုင်ငံ၏လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါသလား။ | ဥပမာ - ဂျပန်နိုင်ငံ ပြည်သူ့အဆောက်အဦဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ နွေရာသီကာလများတွင် အခန်းတွင်းအပူချိန် ၂၈°C ဖြင့်ထားရှိခြင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ၂၄°C နှင့် လာအိုနှင့်ထိုင်းနိုင်ငံများတွင် ၂၅°C ထားရှိခြင်း စသည်ဖြင့် လိုက်နာကျင့်သုံးပါသည်။ |
| **ဧည့်ခန်းဆောင်ခန်းမ** | | |
| ၄.၂-၃<br>optional | ဧည့်ခန်းတစ်ခန်းစီတွင် လေအေးပေးစက်/အပူပေးစက် ထိန်းချုပ်မှု တစ်ခုရှိပါသလား။ | အခန်းတစ်ခုချင်းစီအလိုက် အပူချိန်ကို သိရှိနိုင်ရန် သာမိုမီတာများ တပ်ဆင်ထားပါသည်။ |

## ၃. အလင်းစွမ်းအင်အသုံးချမှု

| | **စံသတ်မှတ်ချက်များ** | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၄.၃-၁ | ပုံမှန်အလင်းရောင်ထုတ်ပေးသော မီးလုံးများအား အလင်းရောင်ပိုမိုပေးကာ စွမ်းအင်သုံးစွဲမှုနည်းပါးသော မီးသီးများ (Compact Fluorescent Lamp) (သို့မဟုတ်) LED မီးလုံးများဖြင့် အစားထိုးသုံးစွဲမှု ရှိပါသလား။ | အလင်းရောင်ပိုမိုပေးကာ စွမ်းအင်သုံးစွဲမှု နည်းပါးသော မီးသီးများ(CFL) (သို့မဟုတ်) LED မီးလုံးများ သုံးစွဲမှုပမာဏသည် စုစုပေါင်းအလင်းရောင်ပေးခြင်း၏ (၂၀)ရာခိုင်နှုန်းထက်ပိုမို တပ်ဆင်သုံးစွဲထားပါသည်။ (အနည်းဆုံးဖြစ်ရမည်။)<br>အလင်းရောင် ပိုမိုပေးကာ စွမ်းအင်သုံးစွဲမှု နည်းပါးသော မီးသီးများ(CFL) (သို့မဟုတ်) LED မီးလုံးများ သုံးစွဲမှုပမာဏသည် စုစုပေါင်းအလင်းရောင်ပေးခြင်း၏ (၈၀)ရာခိုင်နှုန်းထက်ပိုမိုတပ်ဆင်သုံးစွဲထားပါသည်။ (အကောင်းမွန်ဆုံးဖြစ်ပါမည်။) |
| ၄.၃-၂<br>optional | ဧည့်ခန်းများအသုံးမပြုလျှင် အခန်းတွင်းရှိစွမ်းအင်သုံးစွဲမှုကို လျှော့ချရန် အလွန်အကျွံသုံးစွဲမှုကို ထိန်းချုပ်သောကိရိယာများ ထားရှိပါသလား။ | အဆိုပါနေရာများတွင် စွမ်းအင်သုံးစွဲမှုကို ပိတ်ချနိုင်ရန် ကိရိယာများ တပ်ဆင်ထားခြင်း (သို့မဟုတ်) ဝန်ထမ်းများထားရှိကာ ဆောင်ရွက်စေပါသည်။ |

| | | |
|---|---|---|
| ၄.၃-၃ | အများသုံးနေရာများတွင် အလင်းနှင့် သုံးစွဲမှုကို အလိုအလျောက်ဖြတ်တောက်ပေးသော အာရုံခံကိရိယာများ သုံးစွဲပါသလား (သို့မဟုတ်) အချိန်ဖြင့် အလိုအလျောက် ထိန်းညှိပေးသော ကိရိယာများ သုံးစွဲပါသလား။ | အဆိုပါအာရုံခံကိရိယာများတပ်ဆင်ထားသောအရေအတွက်နှင့် နေရာများကို စာရင်းပြုစုထားရှိပါသည်။ |

## ၄. စွမ်းအင်ထိန်းသိမ်းမှုနှင့်ပတ်သတ်သော အခြားဆောင်ရွက်ချက်များ

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၄.၄-၁ | စွမ်းအင်ချွေတာသုံးစွဲမှုကို အမြင့်ဆုံးဖြစ်စေရန် တပ်ဆင်ထားသော ကိရိယာတန်ဆာများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပုံမှန် ဆောင်ရွက်ပါသလား။ | ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သော နေ့စွဲများအား စာရင်းပြုစု မှတ်တမ်းတင် ထားရှိပါသည်။ |

## ၅. ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချခြင်း

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၄.၅-၁ | စွမ်းအင်သုံးစွဲမှုအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းမှကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုပမာဏအားသတ်မှတ်နှစ်ကာလများအလိုက်နှိုင်းယှဉ်ကာ တိုင်းတာခြင်း၊ တွက်ချက်ခြင်း၊ လျှော့ချခြင်းများ ဆောင်ရွက်ပါသလား။ | ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှု၏ အရင်းအမြစ်များကို စာရင်းပြုစုထားရှိပြီး၊ ထုတ်လွှတ်ပမာဏအား တိုင်းတာထားရှိပါသည်။ ဥပမာ- လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့၊ စက်သုံးဆီ၊ စွန့်ပစ်ပစ္စည်းပမာဏ (ထုတ်ယူသုံးစွဲလိုက်သောပမာဏများ) သုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက်လည်း ပြီးခဲ့သော နှစ်အလိုက်၊ လအလိုက် နှိုင်းယှဉ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ကဲ့သို့သော ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုပမာဏကိုလည်း လအလိုက်/ နှစ်အလိုက် ဖြစ်နိုင်သမျှ တွက်ချက်ပါသည်။ |
| ၄.၅-၂ | ရာသီဥတုမျှတမှုကို ရရှိနိုင်ရေး နည်းလမ်းတစ်ခုအနေဖြင့် ရည်ရွယ်ကာ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ထိန်းချုပ်ရန် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပါသလား။ | လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှုကို စာရင်းပြုစုထားရှိပါသည်။ |
| ၄.၅-၃ | ဝန်ဆောင်မှု အသုံးပြုသူများ၊ လုပ်သားများ၊ ထောက်ပံ့ပေးသူများ၏ ဖန်လုံအိပ်ဓါတ်ငွေ့သန့်စင်သော နည်းလမ်းများ အသုံးပြုမှုနှင့် အရင်းအမြစ်များအသုံးပြု၍ ပိုမိုထိရောက်သော နည်းလမ်းများ အသုံးပြုခြင်းအား တက်ကြွစွာ အားပေးခြင်း နှင့် မိမိလုပ်ငန်းတွင်လည်း ကိုယ်တိုင်ကျင့်သုံးပါသလား။ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကိုလည်း လျှော့ချနိုင်ရန် နည်းလမ်းများ ကြိုးစားရှာဖွေပါသလား။ | လုပ်သားများ၊ ကုန်ပစ္စည်းထောက်ပံ့ပေးသူများ စသည်တို့အတွက် အသုံးပြုသော ကိုယ်ပိုင်နှင့် ငှားရမ်းသုံးစွဲရသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စာရင်းပြုစုထားရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင် ဖန်လုံအိမ်ဓါတ်ငွေ့ သန့်စင်သောနည်းလမ်းများသို့ ပြောင်းလဲအသုံးပြုနိုင်ရေးတွင် ကူညီနိုင်ရန် ရည်ရွယ်ပါသည်။ |

## ၆. ရေသုံးစွဲမှုချွေတာခြင်း

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၄.၆-၁ | လုပ်ငန်းခွင်အတွင်း ရေသုံးစွဲမှုကို ချွေတာနိုင်ရန် ရေဖိအားထိန်းကိရိယာ၊ ရေသုံးစွဲမှုကို ချွေတာသည့် ရေပန်းခေါင်း၊ အာရုံခံရေဘုံဘိုင်ခေါင်း စသည်တို့ကို တပ်ဆင် အသုံးပြုပါသလား။ | ရေသုံးစွဲမှုပမာဏကို စောင့်ကြည့်နိုင်ရန် ရေဘုံဘိုင်ခေါင်းများ၊ ရေပန်းခေါင်းများ၊ သန့်စင်ခန်းများ စသည့် ရေထွက်ပေါက်များ၏ တစ်မိနစ်(သို့မဟုတ်) ရေပန်းထုတ်မှု တစ်ကြိမ်လျှင် သုံးစွဲသည့် ကုဗမီတာအတိုင်းအတာများကို စာရင်းသွင်းမှတ်တမ်းထားရှိပါသည်။ |
| ၄.၆-၂ | သန့်စင်ထားသောရေဆိုး (သို့မဟုတ်) ရေညစ်များကို ပြန်လည် အသုံးချပါသလား။ | ရေဆိုး၊ရေညစ်များ ပြန်လည်အသုံးချမှု ရာခိုင်နှုန်းအား ခန့်မှန်းတွက်ချက်ပါသည်။ |
| ၄.၆-၃ | မိုးရေကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်းများ ဆောင်ရွက်ပါသလား။ | မိုးရေစုဆောင်းသိုလှောင်မှုကို ခန့်မှန်းတွက်ချက်ပါသည်။ ( စက်ဘ်ပူနိုင်ငံတွင် မိုးရေ သိုလှောင်ခြင်းမရှိပါ) |
| ၄.၆-၄ | လုပ်ငန်းခွင်၏ ရေသုံးစွဲမှုပမာဏကို တိုင်းတာတွက်ချက်ပါသလား။ | လစဉ်အလိုက် လုပ်ငန်းခွင်၏ ရေသုံးစွဲမှုနှင့် ပမာဏကို တိုင်းတာ၍ စာရင်းပြုစု ထားရှိပါသည်။ |
| ၄.၆-၅ | ရေသုံးစွဲမှုအရင်းအမြစ်နေရာများကို မှတ်တမ်းတင်ထားရှိပါသလား။ | အသုံးပြုနေသည့် အခြားသော ရေသုံးစွဲမှု အရင်းအမြစ်နေရာများကို သိရှိနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ |
| ၄.၆-၆ | ပတ်ဝန်းကျင်သို့ အခြေခံရေပေးဝေဖြန့်ဖြူးမှုအပေါ် မိမိလုပ်ငန်း အနေဖြင့် ထိခိုက်မှု ရှိပါသလား။ | မိမိလုပ်ငန်း၏ ရေသုံးစွဲမှုသည် ဒေသခံပြည်သူလူထုအပေါ် ထိခိုက်သော အကျိုးအသက်ရောက်မှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ထားရှိပါသည်။ |

# ၅. အစိမ်းရောင်ကုန်ပစ္စည်းဝယ်ယူမှု/ ဓါတုပစ္စည်းများ/ အထွေထွေ

## ၁. အစိမ်းရောင်ကုန်ပစ္စည်းဝယ်ယူမှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| **ကြာရှည်မခံသောကုန်ပစ္စည်းများ ထောက်ပံ့ပေးမှု** | | |
| ၅.၁ ရေရှည်တည်တံ့ခိုင်မြဲသော ကုန်ပစ္စည်းဝယ်ယူမှု နှင့် ယင်း၏ ရာခိုင်နှုန်းကို တိုင်းတာနိုင်ရန် သက်ဆိုင်သည့်မူဝါဒများ ချမှတ်ထားရှိပါသလား။ | | အောက်ပါ ထုတ်ကုန်ပစ္စည်းများအနေဖြင့် သဘာဝ ပတ်ဝန်းကျင် နှင့်ကိုက်ညီမှုသည် ၈၀ ရာခိုင်နှုန်း ရှိပါသည်။ |
| ၅.၁-၁ | မိတ္တူစာရွက် | |
| ၅.၁-၂ | တစ်ရှူးစက္ကူ | |
| ၅.၁-၃ | မှတ်စုကတ် နှင့် စာအိပ် | |
| ၅.၁-၄ | အခြားသောရုံးသုံးစာရေးကိရိယာများ | အိမ်သာသုံးစက္ကူများ၊ ဘောပင်များ၊ ဝန်ထမ်းဝတ်စုံများ စသည် |
| ၅.၁-၅ | လက်ကမ်းစာစောင်/စာရင်းစာအုပ်များ | |
| **ကြာရှည်ခံသောကုန်ပစ္စည်းများ သုံးစွဲမှု** | | |
| အောက်ပါထုတ်ကုန်ပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုသည် ၅၀ရာခိုင်နှုန်းအောက် လျော့နည်းနေပါသလား။ ကုန်ပစ္စည်းဝယ်ယူမှုနှင့် ပတ်သတ်သော မူဝါဒတစ်ရပ် ထားရှိပါသလား။ | | ရေရှည်တည်တံ့ခိုင်မြဲသော ကုန်ပစ္စည်းဝယ်ယူတင်သွင်းခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ထားရှိကာ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှု ရာခိုင်နှုန်းအားလည်း တိုင်းတာပါသည်။ |
| ၅.၁-၆ | လုပ်ငန်းခွင်သုံး စက်တပ်ယာဉ်များ | |
| ၅.၁-၇ | ကွန်ပျူတာ၊ မိတ္တူကူးစက်၊ ပရင်တာနှင့် အခြားသော ရုံးသုံးကိရိယာများ | |
| ၅.၁-၈ | ဧည့်ခံအတွင်းရှိ ရေခဲသေတ္တာများ | |

| | | |
|---|---|---|
| ၅.၁-၉ | အပူပေးစက်၊ လေသန့်စင်စက်၊ လေအေးပေးစက် | |
| ၅.၁-၁၀ | ညှော့ခန်းသုံး ရုပ်မြင်သံကြားစက်ကိရိယာ၊ကော်ဖီဖျော်စက်၊ လျှပ်စစ်ရေနွေးအိုး | |
| **မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများ** | | |
| ၅.၁-၁၁ | သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုကို ထောက်ပံ့ပေးရန်၊ ကုန်ပစ္စည်းရောင်းဝယ်ဖလှယ်မှုနှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် မျှတသော ဆောင်ရွက်မှုများ ဖြစ်စေရန် မိမိ၏ မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများအား အားပေး ပံ့ပိုးပေးပါသလား။ | မိမိ၏ အားပေးပံ့ပိုးကူညီမှုများအားမှတ်တမ်းတင်မှုနှင့်အတူ ကုန်ပစ္စည်းတန်ဖိုးကွင်းဆက်နှင့် ထောက်ပံ့ပေးသူများ၏ အမည်များအား စာရင်းပြုစုထားရှိပါသည်။ |
| ၅.၁-၁၂ | မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများသို့ အင်ဂျင်စက်များ အသုံးမလိုချိန်တွင် ရပ်နားထားရန် နှင့် ကာဗွန်ဒိုင် အောက်ဆိုဒ်ထုတ်လွှတ်မှုနည်းသော စက်တပ် ယာဉ်များ အား အသုံးပြုရန် တောင်းဆိုမှု ပြုလုပ် ပါသလား။ | မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများသို့ တောင်းဆိုမှုပြုလုပ် သော အကြိမ်အရေအတွက်နှင့် ၎င်းတို့၏အမည်စာရင်းအား ရလာဒ်များနှင့်အတူ ပြုစုထားရှိပါသည်။ |
| ၅.၁-၁၃ optional | သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များတွင် သယ်ယူနိုင်မှု ပမာဏ၊ ပို့ဆောင်သည့်အကြိမ်အရေအတွက် နှင့် သယ်ပို့ သည့် လမ်းကြောင်းများနှင့် ပတ်သတ်၍ ပိုမိုအကျိုး သက်ရောက်မှုရှိစေရန် ဆွေးနွေးမှုများ ပြုလုပ်ပါသလား | ကုန်ပစ္စည်း သယ်ယူပို့ဆောင်သည့် လမ်းကြောင်းနှင့် လမ်းကြောင်းပိတ်ဆို့ခြင်းကိုရှောင်ရှားရသည့် အချိန်များကို ရှာဖွေ ဖော်ထုတ်ကာ ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များ ဖြစ်စေရန် တောင်းဆိုမှုများ ပြုလုပ်ပါသည်။ |
| ၅.၁-၁၄ | အသုံးပြုနိုင်သည့်နေရာများတွင် အများပြည်သူသယ်ယူ ပို့ဆောင်ရေးစနစ်ကိုသုံးစွဲရန် ဧည့်သည်များအား အကြံပြု ပါသလား။ | အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များနှင့် ပတ်သတ် သည့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရန် ပံ့ပိုးပေးပါသည်။ |
| ၅.၁-၁၅ | ရာသီအလိုက် ဒေသထွက်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ကို ဦးစားပေး ဝယ်ယူသုံးစွဲပါသလား။ | ရာသီအလိုက် ဒေသတွင်း ရရှိနိုင်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ဦးစားပေးအသုံးပြုနိုင်ရန် စာရင်းပြုစု ထားရှိပါသည်။ |
| ၅.၁-၁၆ | ဒေသ၏ သဘောသဘာဝ၊ သမိုင်းယဉ်ကျေးမှုများ အပေါ် အခြေခံသည့်ရေရှည်တည်တံ့ခိုင်မြဲမှုဖြစ်သော ထုတ်ကုန် များ၊ ဝန်ဆောင်မှုများ၊ ရောင်းချမှုများ၊ ဖွံ့ဖြိုးမှုကို ဦးတည်သော လူမှုအကျိုးပြုလုပ်ငန်းများ နှင့် ဒေသခံ လုပ်ငန်းရှင်များ စသည်တို့ကို အားပေးကူညီမှု ပြုလုပ် ပါသလား | လုပ်ငန်းများနှင့် လုပ်ငန်းရှင်များသို့ အားပေးကူညီမှုပြုလုပ် ခဲ့သောမှတ်တမ်းများ နှင့် အမည်များအား စာရင်းပြုစု ထားရှိပါသည်။ |

## ၂. ဓါတုပစ္စည်းများ နှင့် အစိမ်းရောင်လုပ်ငန်းစဉ်များ

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၅.၂-၁ | သဘာဝပတ်ဝန်းကျင်ကို ပိုမိုအကျိုးပြုစေရန် ပိုးသတ် ဆေးများ၊ ပေါင်းသတ်ဆေးများ၊ ဓါတုဓါတ်မြေသြဇာများ အသုံးပြုမှုကို ကန့်သတ်ကာ အခြားသောနည်းလမ်းများ အသုံးပြု ဆောင်ရွက်ပါသလား။ | ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ ဓါတုဓါတ်မြေသြဇာ များအသုံးပြုမှု (ရှိခဲ့ပါက) နှင့် အခြားအသုံးပြုသည့် နည်းလမ်းများကို စာရင်းပြုစုထားရှိပါသည်။ |
| ၅.၂-၂ | အညစ်အကြေးချွတ်ဆေး၊ သန့်ရှင်းသုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံး ဓါတုပစ္စည်းများ၊ သုတ်ဆေးများ၊ ရေကူးကန်သုံး ပိုးသတ်ဆေးများ အသုံးပြုမှုကို ကန့်သတ်ပါသလား (သို့မဟုတ်) ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် ထုတ်ကုန်ပစ္စည်း များကို အသုံးပြုပါသလား။ | အညစ်အကြေးချွတ်ဆေး၊ သန့်ရှင်းသုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံးဓါတုပစ္စည်းများ၊ သုတ်ဆေးများ၊ ရေကူးကန်သုံး ပိုးသတ်ဆေးများအသုံးပြုမှု (ရှိခဲ့ပါက) နှင့် အခြားအသုံးပြုသည့် နည်းလမ်းများကို စာရင်းပြုစုထားရှိ ပါသည်။ |

| | | |
|---|---|---|
| ၅.၂-၃ optional | လုပ်ငန်းအတွင်း မိုးရေစုဆောင်း သိုလှောင်ထားရှိမှုကို အားပေးပါသလား။ | ခေါင်မိုး၊ ရေတံလျှောက် နှင့် ကားရပ်နားရန်နေရာ စသည်တို့မှ တဆင့် ရေကန်နှင့် ရေတိုင်ကီများသို့ သွယ်တန်းထားရှိပါသည်။ |
| ၅.၂-၄ | ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရှိပါသလား၊ ဝန်ဆောင်မှု အသုံးပြုသူများသို့လည်း ပူးပေါင်းပါဝင်ရန် ကမ်းလှမ်း ပါသလား။ | ကမ်းခြေသာယာလှပရေး၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ စသည်တို့တွင် ပူးပေါင်း ဆောင်ရွက်ပါသည်။ |

## ၆. ဘဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု

### ၁. သဘာဝအခြေခံခရီးစဉ်

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၁-၁ | သဘာဝအခြေခံ ခရီးသွားအစီအစဉ်များအား စီစဉ်ဆောင်ရွက် ပေးပါသလား။ | လုပ်ငန်းခွင်ရှိဧည့်လမ်းညွှန်၊ ဒေသခံဧည့်လမ်းညွှန်၊ ပြင်ပဧည့်လမ်းညွှန်များနှင့်အတူ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ |
| ၆.၁-၂ | ဒေသ၏ သဘာဝအလှ၊ ယဉ်ကျေးမှုဓလေ့ရိုးရာ၊ သမိုင်းကြောင်း အမွေအနှစ်များ အကြောင်းကို လေ့လာနိုင်သော ခရီးသွားလှုပ်ရှားမှု အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးပါသလား။ | လုပ်ငန်းခွင်ရှိဧည့်လမ်းညွှန်၊ ဒေသခံဧည့်လမ်းညွှန်၊ ပြင်ပဧည့်လမ်းညွှန် များနှင့်အတူ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ |
| ၆.၁-၃ | သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အနှစ်သာရကို ပြသဖော်ကျူးပေးသည့် ခရီးသွားအစီအစဉ်များ၏အရည်အသွေးအား ပိုမိုကောင်းမွန်စေသည့် လုပ်ငန်းစဉ်များ ရှိပါသလား။ | အဆိုပါ ခရီးသွားအစီအစဉ်များ၏ အရည်အသွေးအား ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ဖော်ဆောင်ပါသည်။ ဥပမာ- သတင်းအချက်အလက် အသေးစိတ်အတွက် သုတေသနပညာရှင်များ ဖိတ်ခေါ်ခြင်း၊ အဆိုပါခရီးသွားအစီအစဉ်များ ဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများထံ လေ့လာရေးသွားရောက်ခြင်း |
| ၆.၁-၃ | ခရီးစဉ်များအတွင်း ရေရှည်သုံးပစ္စည်းများဖြင့် ပြုလုပ်ထားကာ အခါခါပြန်လည်အသုံးပြုနိုင်သည့် အစားအစာ သုံးပစ္စည်းများကို အသုံးပြုပါသလား။ | မီးဖိုချောင်သုံးပစ္စည်းများ နှင့် ထည့်စရာဘူးများကို ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုမရှိပါ။ ဥပမာ- သစ်၊ ဝါး စသည် |

### ၂. ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၂-၁ | ညဥ့်သတ္တဝါများအား အနှောင့်အယှက်မပေးသော၊ ထိခိုက်မှုမရှိစေသော မီးအလင်းရောင်ပေးသည့် စနစ်ကို ဆောင်ရွက်ပါသလား။ | မီးများကို အပေါ်သို့တောက်ပစွာ ထွန်းညှိမထားခြင်း၊ လိုက်ကာထူများ(သို့မဟုတ်) အလင်းကွယ်စေသော အရာများဖြင့် ပြတင်းပေါက်ကဲ့သို့သော အပေါက်များကို ကာရံထားခြင်းများ ဆောင်ရွက်ထားရှိပါသည်။ |
| ၆.၂-၂ | လုပ်ငန်းအတွင်းရှိ မြေယာအလှခင်းများ၊ သီးနှံစိုက်ပျိုးခင်းများသည် ဒေသခံမျိုးရင်း၊မျိုးစိတ် သစ်ပင်ပန်းမန်များဖြင့် စိုက်ပျိုးထား ရှိပါသလား။ ဒေသမျိုးရင်းမဟုတ်သော ၊ အခြားသော ဒေသမှ လာသော အန္တရာယ်ရှိကာ ထူးခြားသည့် မျိုးစိတ်များကို ထိန်းချုပ်ကာကွယ် ထားပါသလား။ | လုပ်ငန်းအတွင်း သစ်ပင်ပန်းမန်များ အထူးသဖြင့် စီမံခန့်ခွဲမှုအစီအစဉ်လိုအပ်ပြီး အခြားသော ဒေသမှလာကာ အန္တရာယ်ရှိသော ထူးခြားသည့် မျိုးစိတ်များကို စာရင်းပြုစုထားရှိပါသည်။ |

| | | |
|---|---|---|
| ၆.၂-၃ | နိုင်ငံတကာနှင့်နိုင်ငံတွင်း လမ်းညွှန်ချက်များနှင့်အညီ တောရိုင်းတိရစ္ဆာန်များကို အစားအစာကျွေးခြင်းနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ ကောင်းစွာ ထားရှိပါသလား။ | တောရိုင်းတိရစ္ဆာန်များသို့ အစားအစာကျွေးခြင်းကို ဆောင်ရွက်မှု မရှိပါ။ အကယ်၍ ရှိခဲ့ပါက ဆိုးကျိုး သက်ရောက်မှုကို အနည်းဆုံးဖြစ်စေသည့် စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲထားရှိပါသည်။ |
| ၆.၂-၄ optional | နိုင်ငံတကာနှင့်နိုင်ငံတွင်း လမ်းညွှန်ချက်များနှင့်အညီ အိမ်မွေးတိရစ္ဆာန်များ မွေးမြူထိန်းကျောင်းခြင်းနှင့် ပတ်သတ်သည့် စည်းမျဉ်း၊ စည်းကမ်းများ ကောင်းစွာ ထားရှိပါသလား။ | ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး သက်ရောက်မှုများကို လျော့နည်းစေရန် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ပြီးချိန်တွင် လုပ်ငန်းခွင်အတွင်း အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုထားပါသည်။ |
| ၆.၂-၅ | ရေရှည်တည်တံ့ရေးအတွက် အကျိုးရှိစွာအသုံးချမှုအား သေချာစေကာ ဒေသနှင့် နိုင်ငံတကာဥပဒေများနှင့် လိုက်လျောညီထွေမှုရှိသော စည်းမျဉ်းနှင့်အညီ လုပ်ရှားမှုတရပ်အနေဖြင့် တောရိုင်းတိရိစ္ဆာန်မျိုးစိတ်များအား တောရိုင်းဓလေ့များနှင့် ထိန်းကျောင်းခြင်း၊ သုံးစွဲခြင်း၊ ပြသခြင်း၊ ရောင်းချခြင်းနှင့် လဲလှယ်ခြင်း တို့ကို ဆောင်ရွက်ပါသလား။ | ၎င်းတို့၏ ကျန်းမာသန်စွမ်းသော မျိုးစိတ်အရေအတွက်များဖြစ်စေရန် ရည်ရွယ်ချက်နှင့်အညီ အသုံးပြုသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား စာရင်း ပြုစုထားရှိပါသည်။ |
| ၆.၂-၆ | ဒေသနှင့်နိုင်ငံတကာဥပဒေများနှင့် လိုက်လျောညီထွေမှုရှိကာ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ထားမှုမှအပ မွေးမြူရေးတိရစ္ဆာန်များအား မွေးမြူထားခြင်း၊ ကျွေးမွေးထိန်းကျောင်းထားခြင်းများ မရှိစေရန် ဆောင်ရွက်ထားရှိပါသလား။ ဥပဒေအရ ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား သက်ရှိနမူနာများအဖြစ် သင့်တော်သော အထောက်အပံ့များဖြင့်ပြုစုစောင့်ရှောက်ထားရှိပါသလား။ | တောရိုင်းတိရိစ္ဆာန်နှင့် အိမ်မွေးတိရိစ္ဆာန်များအား မွေးမြူထိန်းသိမ်းစောင့်ရှောက်ခြင်းသည် တိရစ္ဆာန်များ ပြုစုစောင့်ရှောက်ရေးစနစ်၏ အမြင့်ဆုံးသော နည်းလမ်းများနှင့် ကိုက်ညီပါသည်။ |
| ၆.၂-၇ | ဧည့်သည်များ၏ ကျေနပ်မှုကို မြင့်မားစေခြင်းနှင့်အတူ ဆိုးကျိုးသက်ရောက်မှုများကို လျော့နည်းစေရန်အတွက် ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ သဘာဝအလှအပနေရာများ၊ သမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာသည့် ခရီးစဉ်များအတွက် ပြဋ္ဌာန်းထားသောကျင့်ဝတ်စည်းကမ်းချက်နှင့် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိပါသလား။ | ပြဋ္ဌာန်းထားသော ကျင့်ဝတ်စည်းကမ်းချက် နှင့် လမ်းညွှန်ချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလိုက်နာပါသည်။ |
| ၆.၂-၈ | ယဉ်ကျေးမှု၊ သမိုင်းနှင့်ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ရိုးရာဓလေ့များ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အယူအဆများနှင့် ဒေသ၏ပိုင်ဆိုင်မှုများ၊ နေရာများကို ပိုမိုတိုးမြင့်စေခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့တွင် ပူးပေါင်းပါဝင်ကာ ကူညီဆောင်ရွက်ပါသလား။ | ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုလုပ်ငန်းများကို မှတ်တမ်းမှတ်ရာများနှင့်အတူ စာရင်းပြုစု ထားရှိပါသည်။ |
| ၆.၂-၉ | လုပ်ငန်းခွင်၏မြေယာ၊ အဆောက်အအုံများတွင် မှီခိုရပ်တည်နေသော ဇီဝမျိုးစုံမျိုးကွဲများကို အထောက်အကူပြုနိုင်ရန်အတွက် သင့်တော်သောထိန်းသိမ်းစောင့်ရှောက်ရေးစီမံခန့်ခွဲမှုအစီအစဉ်တွင် ပူးပေါင်းပါဝင်ကာ ကူညီဆောင်ရွက်ပါသလား။ | ငွေကြေးထည့်ဝင်ပံ့ပိုးပေးမှု(သို့မဟုတ်) ဒေသမျိုးရင်းများ ရှာဖွေထိန်းသိမ်းမှုတို့တွင် အကန့်အသတ်မထား ခြင်းဖြင့် တည်ရှိနေသောဇီဝမျိုးစုံမျိုးကွဲများအား ထောက်ပံ့ ပေးရန် လုပ်ဆောင်နေသည့် ရေရှည်တည်တံ့ခိုင်မြဲရေး လွှမ်းခြုံသောစနစ်ကို စာရင်းပြုစုထားရှိပါသည်။ |

| | | |
|---|---|---|
| ၆.၂-၁၀ | တောတွင်းရှင်သန်ရပ်တည်မှုနှင့် မျိုးပွားမှုဆိုင်ရာ အမူအကျင့်များ အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် တောရိုင်းတိရစ္ဆာန်များနှင့် ထိတွေ့ပြုမူခြင်းကို သေချာစွာ ပြုမူဆောင်ရွက်ပါသလား။ | ဆိုးကျိုးသက်ရောက်မှုများ လျှော့ချစေရန် လုပ်ဆောင်မှုများနှင့် တောရိုင်းတိရစ္ဆာန်များနှင့် ထိတွေ့မှုရှိသည့် အပြုအမူများကို စာရင်းပြုစုထားရှိပါသည်။ |
| ၆.၂-၁၁ | အမျိုးမျိုးသောသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လွတ်လပ်စွာ သွားလာလှုပ်ရှားနေသော တိရိစ္ဆာန်များသို့ ထိတွေ့မှုရှိခြင်း အပါအဝင် သဘာဝဂေဟစနစ်အား အနှောင့်အယှက်စေသည့် အပြုအမူများအား ရှောင်ရှားပါသလား။ | သဘာဝဂေဟစနစ်အား အနှောင့်အယှက်ပေးခြင်းကို လျှော့ချစေရန်အတွက် ယင်းတို့အားထိတွေ့ဆက်ဆံမှုရှိခြင်းနှင့် အပြုအမူများကို စာရင်းပြုစုထားရှိပါသည်။ |
| ၆.၂-၁၂ | သဘာဝဂေဟစနစ် ထိခိုက်နစ်နာမှုများ အပေါ်တွင် ပြန်လည်ထူထောင်ရေးနှင့် ကုစားရေး အစီအစဉ်များအား ကြိုးပမ်းအားထုတ်မှု ပြုပါသလား။ | ပြန်လည်ထူထောင်ရေးနှင့် ကုစားရေးအစီအစဉ်များအား ဆောင်ရွက်ခဲ့မှုနှင့် အကျိုးရလဒ်များကို စာရင်းပြုစုထားရှိပါသည်။ |
| ၆.၂-၁၃ | မြေဆီလွှာပျက်စီးမှုနှင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ဆူညံသံ၊ အလင်း၊ မြစ်ချောင်းအင်းအိုင်များ ညစ်ညမ်းခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်း စသည်တို့ကို လျှော့ချသော အလေ့အကျင့်ကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပါသလား။ | လျှော့ချနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများကို စာရင်းပြုစု ထားရှိပါသည်။ |

၃. ဒေသလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

| စံသတ်မှတ်ချက်များ | | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၃-၁ | ဒေသခံ ပြည်သူလူထုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် တိုးတက်ရာလမ်းကြောင်း များတွင် တန်းတူညီမျှ ဖြစ်စေရေး လုပ်ဆောင်ပေးပါသလား။ | ကျား/မ၊ လူမျိုး၊ ဘာသာ၊ မသန်းစွမ်းမှု စသည်တို့နှင့် အခြားသော ကဏ္ဍများတွင် ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးများ ရရှိအောင် ဖန်တီးဆောင်ရွက်ပေးပါသည်။ |
| ၆.၃-၂ | ဒေသလူမှုအဖွဲ့အစည်းများသို့ (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် လုပ်ငန်းမှ အကျိုးအမြတ်တချို့ကို ပြန်လည်ခွဲဝေ အသုံးပြုပါသလား။ | ဒေသရှိ ရာသီဥတုပြောင်းလဲမှုကြောင့် အကျိုးသက်ရောက်မှုနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို ရည်ရွယ်သော စီမံကိန်းများ စသည်တို့တွင် လုပ်ငန်းမှ အကျိုးအမြတ်တချို့ကို ပြန်လည်ခွဲဝေ အသုံးပြုပါသည်။ |
| ၆.၃-၃ | ဒေသတွင်း (သို့မဟုတ်)ဌာနေတိုင်းရင်းသား အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲမှုနှင့် မြှင့်တင်ရေးအစီအစဉ်များအတွက် ရေးဆွဲထားသော ဒေသတွင်းသဘောတူညီထားသည့် ကျင့်ဝတ်စည်းကမ်းများ (သို့မဟုတ်) လမ်းညွှန်ချက်များ ရှိပါသလား။ | ဌာနေဒေသခံတိုင်းရင်းသားများ၏ အလေးအမြတ်ထားကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများအရ မြစ်ချောင်းများတွင် ရေကူးရန် ခွင့်ပြုချက်တောင်းခံခြင်းကဲ့သို့သော ကျင့်ဝတ်များကို သိရှိနားလည် လိုက်နာပါသည်။ |
| ၆.၃-၄ | ဒေသလူမှုအဖွဲ့အစည်းများ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျင့်သုံးသော အလေ့အထများတွင် ပူးပေါင်းပါဝင်ပါသလား။ | ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လိုက်နာရန် ကျင့်ဝန်စည်းကမ်းများကို သဘောတူညီမှုနှင့်အတူ ရေးဆွဲထားရှိပါသည်။ |
| ၆.၃-၅ | မြေယာနှင့်ရေသယံဇာတအသုံးချမှု၊ သယ်ယူပို့ဆောင်မှုနှင့် အိမ်ယာချထားမှုများတွင် အသုံးပြုမှုဆိုင်ရာ အခွင့်အရေး စသည်တို့ပါဝင်သော သက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဒေသနေပြည်သူများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုအား သေချာစေပါသလား။ | ကမ်းခြေမျက်နှာစာရှိ အဆောက်အဦများသည် အများပြည်သူသုံး ကမ်းခြေဆင်းလမ်းများသို့ ပိတ်ဆို့ မထားရှိခြင်း စသည်ကဲ့သို့သော ကိစ္စရပ်များအပေါ် လိုက်နာဆောင်ရွက်ပါသည်။ |

## ၄.	စွမ်းအင်ကဏ္ဍ

| | စံသတ်မှတ်ချက်များ | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၄-၁ | လုပ်ငန်းခွင်အတွင်း စွမ်းအင်သုံးစွဲသော စက်ပစ္စည်းကိရိယာများအားလုံး၏ စာရင်းအား ပြုစုထားရှိပါသလား။ | စွမ်းအင်သုံးစွဲသည့် စက်ပစ္စည်းကိရိယာများ စာရင်းအား အခန်းအလိုက်၊အဆောင်အလိုက်၊ အဆောက်အဦအလိုက်၊ ဌာနအလိုက် ပြုစုထားရှိပါသည်။ |
| ၆.၄-၂ | သုံးစွဲသော ပစ္စည်းကိရိယာအလိုက် စွမ်းအင်သုံးစွဲမှုပမာဏကို တိုင်းတာထားရှိပါသလား။ | စွမ်းအင်သုံးစွဲမှု အများဆုံးသော ပစ္စည်းကိရိယာများကို စိစစ်ကာ စုပေါင်းသုံးစွဲမှုကို တိုင်းတာထားရှိပါသည်။ ( ဥပမာ- ၂၄နာရီအသုံးပြုသောရေခဲသေတ္တာ/အအေးခံစက်၊ အဲယားကွန်း၊ ရေစုပ်စက် စသည်) |
| ၆.၄-၃ | လုပ်ငန်းခွင်၏ စုစုပေါင်းစွမ်းအင်သုံးစွဲမှုအပေါ် တိုင်းတာထားရှိမှုများနှင့် မှတ်တမ်းများကို သိမ်းဆည်းထားရှိပါသလား။ | လစဉ်တိုင်းတာမှုကို အတတ်နိုင်ဆုံးဆောင်ရွက်ပါသည်။ မှတ်တမ်းထားရှိကာ စွမ်းအင်သုံးစွဲမှု အလားအလာကို လေ့လာသုံးသပ်ပါသည်။ |
| ၆.၄-၄ | ပြန်လည်ဖွံ့ဖြိုးသောစွမ်းအင်သုံးစွဲမှုကို တိုးမြှင့်စေရေး ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားသော ခိုင်မာသည့် စွမ်းအင်ချွေတာ သုံးစွဲရေး လုပ်ငန်းစဉ် ရှိပါသလား။ အကောင်အထည်ဖော်မှုကော ရှိပါသလား။ | တိုင်းတာမှု မှတ်တမ်းများအရ စွမ်းအင်သုံးစွဲမှုချွေတာရေး လုပ်ငန်းစဉ်ရေးဆွဲထားရှိကာ အကောင်အထည်ဖော်နိုင်ရေး ဦးတည်ဆောင်ရွက်ပါသည်။ |
| ၆.၄-၅ | ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် စွမ်းအင်ချွေတာသုံးစွဲနိုင်မှုအပေါ် သုံးသပ်ကာ စောင့်ကြည့် လေ့လာပါသလား။ | လုပ်ငန်းစဉ်များနှင့်အညီ စွမ်းအင်ချွေတာသုံးစွဲနိုင်မှုရလာဒ်များကို သုံးသပ်ပါသည်။ |

## ၅.	ဒီဇိုင်းပုံစံ၊ လုပ်ငန်းခွင်နေရာ၊ တည်ဆောက်ရေး နှင့် အကောင်အထည်ဖော်ခြင်း

| | စံသတ်မှတ်ချက်များ | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၅-၁ | ဒေသ၏ ဇုန်သတ်မှတ်ချက်စနစ် နှင့် ကာကွယ်ထားသော ဧရိယာ(သို့မဟုတ်) ရေးဟောင်းအမွေအနှစ်ဧရိယာများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မြေယာအသုံးချမှု ဆောင်ရွက်ပါသလား။ | လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ |
| ၆.၅-၂ | ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဒီဇိုင်းပုံစံ၊ လုပ်ငန်းခွင်တည်နေရာချထားမှု၊ တည်ဆောက်မှု၊ ပြုပြင်မွမ်းမံမှု၊ အကောင်အထည်ဖော်မှု ၊ ဖြိုဖျက်မှု များကို ဒေသ၏ ဇုန်သတ်မှတ်ချက်စနစ်၊ ဥပဒေ၊ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ပါသလား။ | လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ |
| ၆.၅-၃ | လုပ်ငန်းအား ကြိုတင်စီမံခြင်း၊ တည်နေရာချထားခြင်း၊ ဒီဇိုင်ရေးဆွဲခြင်း၊ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လိုက်လျောညီထွေရှိမှုနှင့် လက်ခံနိုင်မှုပမာဏကို ထည့်သွင်းစဉ်းစားပါသလား။ | လက်ခံနိုင်မှုပမာဏနှင့် လိုက်လျောညီထွေရှိမှုကို ထိခိုက်စေသော အချက်အလက်များကို ရှောင်ရှားနိုင်ရန် စစ်ဆေးဆောင်ရွက်ပါသည်။ |

| | | |
|---|---|---|
| ၆.၅-၄ | လုပ်ငန်းအား တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဖြိုဖျက်ခြင်းများ ဆောင်ရွက်ရာတွင် ဒေသ၏ သင့်လျော်ရာ အဆောက်အဦဆိုင်ရာ အစိမ်းရောင် လမ်းညွှန်ချက်များအပေါ် အခြေခံကာ ဆောင်ရွက်ပါသလား။ | **ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်းတည်နေရာချထားမှု** - ဆိုးကျိုးသက်ရောက်မှုကို လျှော့ချရန် နှင့် အဆောက်အဦ ဂေဟစနစ်ဆိုင်ရာထိခိုက်မှုများကို နည်းပါးစေရန်အတွက် မြေယာအသုံးချမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးရှိစေခြင်း။<br>**ထိရောက်သောစွမ်းအင်သုံးစွဲမှု** - ဤနည်းလမ်းသည် လုပ်ငန်းနေရာချထား အသုံးပြုမှုနှင့် အဆောက်အဦအသစ် တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း စီမံကိန်းများ အတွက် စွမ်းအင်သုံးစွဲသည့် အခြားလုပ်ငန်းများ၏ စွမ်းဆောင်နိုင်မှုရည်မှန်းချက်များအား ချမှတ် အကောင်အထည်ဖော်နိုင်ခြင်း အပေါ် အဓိကထားခြင်း။<br>**ထိရောက်သောရေသုံးစွဲမှု** - ဤနည်းလမ်းသည် ရေချိုလိုအပ်ချက် လျှော့ချနိုင်မှုပမာဏ၊ မြေယာအလှပြုပြင်ခြင်းကဲ့သို့သော စွန့်ပစ်ရေရရှိမှုကို လျှော့ချခြင်း၊ မိုးရေ စုဆောင်းသိုလှောင်ခြင်း၊ ရေဆိုးများပြန်လည် အသုံးပြုခြင်းနှင့် စွန့်ပစ်ရေများ ပြုပြင်သုံးစွဲခြင်းစနစ်တို့ အပေါ် အဓိကထားခြင်း။<br>**အဆောက်အဦအတွက်သုံးစွဲသော ပစ္စည်းများ** - ရေရှည် တည်တံ့ခိုင်မြဲစေသည့် ဆောက်လုပ်ရေး ပစ္စည်း များနှင့် အရင်းအမြစ်များကို သုံးစွဲခြင်းအားဖြင့် အစိမ်းရောင် အဆောက်အဦပစ္စည်းများသည် ထုတ်ယူသုံးစွဲမှုကို လျှော့ချခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့ဆောင်ခြင်း၊ အစိုင်အခဲစွန့်ပစ် ပစ္စည်းနှင့် သုံးစွဲမှုများတွင် အထောက်အပံ့ ဖြစ်စေခြင်း။<br>**အဆောက်အအုံအတွင်းကောင်းမွန်သည့်ဝန်းကျင်ဆိုင်ရာ အရည်အသွေး** - ဤလုပ်ငန်းစဉ်များသည် လေဝင်လေထွက်ကောင်းမွန်ခြင်း၊ အပူဒဏ်သက်သာခြင်း၊ အစိုဓါတ်ထိန်းသိမ်းခြင်း၊ နေ့အလင်းရောင် ကောင်းစွာရရှိခြင်း၊ ပတ်ဝန်းကျင်တွင် ဆေးလိပ်ငွေ့ထိန်းချုပ်ခြင်းနှင့် တည်ဆောက်စဉ်ကာလ အဆောက်အဦတွင်း လေ အရည်အသွေးအား ကာကွယ်ပေးရန် ထည့်သွင်းဆောင်ရွက်ထားခြင်းတို့မှတဆင့် ရေရှည်တည်တံ့သော အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် အားပေးကူညီခြင်း |
| ၆.၅-၅ | မသန်းမစွမ်းလူများအတွက် လိုအပ်သော သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသလား။ | အထောက်အကူပြုမှု အထူးလိုအပ်သော မသန်မစွမ်း လူများနှင့် ၎င်းတို့၏အချက်အလက်များကို စာရင်းပြုစုထားရှိပါသည်။ (ဥပမာ- ဘီးတပ်ကုလားထိုင်အသုံးလိုမှု) |
| ၆.၅-၆ | လုပ်ငန်းနေရာအား တမူထူးခြားသော ဒေသ၏ရိုးရာယဉ်ကျေးမှုနှင့် ခေတ်မှီအနုပညာလက်ရာများ ပေါင်းစပ်ထားခြင်း၊ ဗိသုကာလက်ရာများ (သို့မဟုတ်) ယဉ်ကျေးမှုလက်ရာများထည့်သွင်းထားခြင်း၊ ဒီဇိုင်းပုံစံဆင်ထားခြင်း၊ အလှဆင်ထားခြင်း၊ အစားအစာများတည်ခင်းရာတွင် တန်ဆာဆင်ခြင်းနှင့် လှပသော အရာင်းဆိုင်များ တည်ဆောက်ခြင်းတို့ဖြင့် တန်ဖိုးမြှင့်တင်ထားပါသလား။ | ပေါင်းစပ်ဖန်တီးထည့်သွင်း တည်ဆောက်ထားသော အရာများနှင့် ယင်းတို့၏ ဖော်ပြချက်အဓိပ္ပာယ်များအား စာရင်းပြုစုထားရှိပါသည်။ |

| | | |
|---|---|---|
| ၆.၅-၇ | ဝန်ဆောင်မှုပေးသောလုပ်ငန်းတွင် ဒေသခံလူထု၏ အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့်အခွင့်အရေးအား လေးစားလိုက်နာပါသလား။ | လုပ်ငန်းတွင် အသုံးပြုထားသော ဒေသ၏ပုံရိပ်လက္ခဏာများသည် အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့် အခွင့်အရေးအား ချိုးဖောက်မှု မရှိပါ။ |

## ၆. အခြားသောဆောင်ရွက်မှုများ

| | စံသတ်မှတ်ချက်များ | ဆောင်ရွက်နိုင်မှုအညွှန်းကိန်းများ |
|---|---|---|
| ၆.၆-၁ | ဒေသ၏ သဘာဝယဉ်ကျေးမှု၊ လုံခြုံမှုဆိုင်ရာကိစ္စရပ်များ၊ ပြန်လည်အသုံးပြုခြင်း နှင့် စွမ်းအင်ထိန်းသိမ်းခြင်းလုပ်ငန်း စသည်တို့ကို ဧည့်သည်ရောက်ရှိချိန်တွင် အသိပေးခြင်း (သို့မဟုတ်) ဧည့်ခန်း/အများသုံးနေရာများတွင် ပြသထားခြင်းများ ဆောင်ရွက်ထားရှိပါသလား။ | မည်ကဲ့သို့ အသိပေးခြင်း၊ ပြသထားရှိခြင်းတို့ကို မှတ်သားဖော်ပြထားပါသည်။ (ဥပမာ- ဧည့်သည်၏ အခန်း၊ အင်တာနက်စာမျက်နှာများ၊ ဧည့်သည်ရောက်ရှိချိန် စသည်) |
| ၆.၆-၂ | သဘာဝနေရာများ၊ ဒေသလူမှုအဖွဲ့အစည်းများ နှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာများသို့ သွားရောက်လည်ပတ်စဉ် လိုက်နာရမည့် လမ်းညွှန်ချက်များကို ဧည့်သည်ရောက်ရှိချိန်တွင် အသိပေးခြင်း (သို့မဟုတ်) ဧည့်ခန်း/အများသုံးနေရာများတွင် ပြသထားခြင်းများ ဆောင်ရွက်ထားရှိပါသလား။ | မည်ကဲ့သို့အသိပေးခြင်း၊ ပြသထားရှိခြင်းတို့ကို မှတ်သားဖော်ပြထားပါသည်။ (ဥပမာ- ဧည့်သည်၏ အခန်း၊ အင်တာနက်စာမျက်နှာများ၊ ဧည့်သည်ရောက်ရှိချိန် စသည်) |
| ၆.၆-၃ | ဒေသခံများ၏ အစားအစာချက်ပြုတ် ပြင်ဆင်ခြင်းနည်းလမ်းများကို အားပေးမြှင့်တင်ရန်အတွက် ဒေသ၏ထွက်ကုန်များ၊ ချက်ပြုတ်နည်းများဖြင့် အစားအစာများချက်ပြုတ်ပြင်ဆင်ရန် ကြိုးစားအားထုတ်ပါသလား။ | ဒေသအငွေ့အသက်များဖြင့် ဖန်တီးထားသော အစားအစာစာရင်းအား အခြားသောအရာများထက် ပိုမိုအားပေးပါသည်။ ဒေသ၏ထွက်ကုန် / ချက်ပြုတ်နည်းများဖြင့် အသုံးပြုထားရှိမှုရာခိုင်နှုန်းကို ဖော်ပြထားရှိပါသည်။ |
| ၆.၆-၄ Optional | အရောင်းဆိုင်များတွင် ဒေသထွက်အစားအစာများ၊ လက်မှုပစ္စည်းများ၊ ထုတ်ကုန်များကို ရောင်းချပါသလား။ | ရောင်းချပါက ဒေသထွက်ကုန်မဟုတ်သည့် ရောင်းချမှုအပေါ် ရာခိုင်နှုန်းအလိုက် ဖော်ပြထားရှိပါသည်။ |
| ၆.၆-၅ optional | Asian Ecotourism Network (AEN) အဖွဲ့အစည်းမှ ထုတ်ပြန်ကြေငြာချက်များအား အင်တာနက်စာမျက်နှာများ/လက်ကမ်းစာစောင်များတွင် ဖော်ပြထားရှိပါသလား။ | အာရှဒေသသဘာဝအခြေခံခရီးသွားကွန်ယက်အဖွဲ့အစည်း၏ https://www.asianecotourism.org မှ အဆိုပါ ထုတ်ပြန်ကြေငြာချက်များကို ရယူ သုံးစွဲပါသည်။ |
| ၆.၆-၆ | အစားအစာခါတ်မတည့်ခြင်း၊ သတ်သတ်လွတ်စားသုံးခြင်းနှင့် (သို့မဟုတ်) ဘာသာရေးယုံကြည်မှုအရ စားသုံးခြင်း များကဲ့သို့သော အစားအသောက်ဆိုင်ရာ ကန့်သတ်ချက်များရှိသူများမှ အချိန်မှီအကြောင်းကြားလာမှုအပေါ် အစားအစာများအား ပြင်ဆင်ကျွေးမွေးနိုင်ပါသလား။ | ရရှိနိုင်သောအစားအစာစာရင်းများကို စာရင်းပြုစု ထားရှိပါသည်။ |

* Japan Ecolodge Association, the GSTC recognized standard, Environmentally Sustainable Accommodations International Standard (ESAIS) တို့၏ ဖွဲ့စည်းမှုများအား ဖျက်သိမ်းပြီးနောက် ၎င်းအဖွဲ့အစည်းများသည် ဤစံသတ်မှတ်ချက်များနှင့်ပတ်သတ်သည့် အခွင့်အရေးများကို Asian Ecotourism Network (AEN) သို့ ၂၀၁၇ခုနှစ် ၊ နှစ်ကုန်တွင် လွှဲပြောင်းပေးအပ်ပါသည်။ မူလစံသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်လေ့လာခြင်းသည် ၁) အသစ်ပြန်လည် ပြဌာန်းထားသည့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဆိုင်ရာနိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ပြင်ဆင်မှု ၂) အခြားသောအာရှနိုင်ငံများအတွက် မသင့်လျော်သော အာရှဒေသသဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ စကားရပ်များနှင့် ဖျက်သိမ်းထားရှိသော ဂျပန်ဘာသာစကားရပ်များအား ပြင်ဆင်မှု စသည်တို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဓိကကျသော စံနှုန်းများသည် မဖြစ်မနေလိုက်နာရန်ဖြစ်ပြီး၊ အချို့သောစံနှုန်းများသည် ရွေးချယ်ဆောင်ရွက်ရန် အနေဖြင့် ဇယားတွင် အရောင်ခွဲခြားဖော်ပြထားသည်။